BURMESE WOMEN'S UNION

# အမျိုးသမီးများဆိုင်ရာ လစဉ် သတင်းအနှစ်ချုပ်

ရက်စွဲ။ ။ ၇/၁၂/၂၀၂၁

# November 2021

## နိဒါန်း

အမျိုးသမီးများသည် အကြမ်းဖက် စစ်ကော်စီ၏ ဖမ်းဆီးမှုများနှင့် ကြုံနေရသည့်အပြင် ၎င်းတို့၏ အကြမ်းဖက်ပစ်ခတ်မှုများကြောင့် နိုဝင်ဘာလအတွင်း ကိုယ်ဝန်ဆောင်အမျိုးသမီးများ အသက်ဆုံးရှုံးမှုများ ရှိခဲ့သည်။ ယခုလအတွင်း ပြည်သူ့ကာကွယ်ရေးတပ်များသို့ ဝင်ရောက်ခဲ့ကြသည့် အမျိုးသမီးများလည်း ဖမ်းဆီးခံရမှုများ ရှိသည်။ ဖမ်းဆီးခံရပြီးနောက် နောက်ဆက်တွဲ သတင်းအချက်အလက်များ မရရှိသည့် ပျောက်ဆုံးနေသော အမျိုးသမီးများလည်း ရှိသည်။ အကြမ်းဖက်စစ်တပ်သည် စက်ဆုပ်ဖွယ်ကောင်းသည့် လူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်သည့် ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုပါမကျန် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ကျူးလွန်နေသည်။ ယခုကာလအတွင်း အမျိုးသမီးများသည် နိုင်ငံရေးပဋိပက္ခများ၏ မြေဇာပင်ဖြစ်ရသည့်အပြင် စီးပွားရေးကဏ္ဍတွင်လည်း အထည်ချုပ်စက်ရုံမှ အလုပ်သမများမှာ ၎င်းတို့၏ အထက် အရာရှိများ၏ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအပြင် မတရားအလုပ်ထုတ်ပယ်ခံရခြင်းများနှင့် ကြုံတွေ့နေကြ ရသည်။

ဖေဖော်ဝါရီလမှ နိုဝင်ဘာလအတွင်း သေဆုံးသူ အမျိုးသမီး စုစုပေါင်း ၉၅ ဦးရှိပြီး BWU မှ ကောက်ယူထားသော အချက်အလက်များအရ နိုဝင်ဘာလတလအတွင်း စစ်ကောင်စီ၏ အကြမ်းဖက်မှုများကြောင့် သေဆုံးသူ အမျိုးသမီး စုစုပေါင်း (၉) ဦးနှင့် ဖေဖော်ဝါရီလမှ နိုဝင်ဘာလအထိ ဖမ်းဆီးခံရသူ ၁၃၈၇ ဦး ရှိပြီး နိုဝင်ဘာလတလအတွင်း (၁၀၄) ဦးဖမ်းဆီးခံရပြီး ထောင်ဒဏ် ၇၇ နှစ် ချခံရသူလည်း ရှိခဲ့သည်။

ယခု အမျိုးသမီးများဆိုင်ရာ သတင်းအနှစ်ချုပ်သည် မြန်မာ့အမျိုးသမီးသမဂ္ဂ (BWU) မှ နိုဝင်ဘာလ အတွင်း ခိုင်လုံသော သတင်းမီဒီယာများမှ ကောက်ယူထားသော သတင်းအချက်အလက်များအပေါ်အခြေခံ၍ ပြင်ဆင်ထားခြင်းဖြစ်သည်။

## ဥပဒေမဲ့ သတ်ဖြတ်မှုများ

သေဆုံးသူ အမျိုးသမီးများတွင် စစ်ကောင်စီ တပ်ဖွဲ့ဝင်များ၏ မှားယွင်းပစ်ခတ်မှုကြောင့် အသက် ဆုံးရှုံးရသူများ ဖြစ်သည်။ ရန်ကုန်မြို့မှ ကိုယ်ဝန်အရင့်မာနှင့် မထွန်းအိန္ဒြာကျော် ဆိုသူ အမျိုးသမီးသည် ဆေးခန်းပြရန် သွားချိန်တွင် လူမှား အပစ်ခံရ၍ ပြင်းထန်ဒဏ်ရာရရကာ ဆေးရုံတက်နေစဉ် သူမ၏ ရင်သွေးအား အချိန်မီ ကယ်တင်နိုင်ခဲ့သော်လည်း မိခင်ဖြစ်သူမှာ သေဆုံးခဲ့ရသည်။[1] အလားတူပင် ဒေါ်ညွှန့်ညွှန့်ဝင်းသည်လည်း စစ်ကောင်စီ လက်အောက်ခံ ရဲတပ်ဖွဲ့ဝင်များမှ လူငယ်နှစ်ဦးအား လိုက်လံပစ်ခတ်စဉ် သူမအား ကျည်ထိမှန်၍ နေရာတွင်ပင် သေဆုံးခဲ့ရသည်။[2] ထို့အပြင် ဒီပဲယင်းမြို့နယ်တွင်လည်း သေနတ်ဒါဏ်ရာ၊ ဓားဒါဏ်ရာများဖြင့် သေဆုံးနေသည့် ကိုယ်ဝန်ရင့်မာနှင့် အမျိုးသမီးနှင့်အတူ ငါးလောင်ပြိုင် လူသတ်မှု ဖြစ်ပွားခဲ့သည်။[3] သို့သော် ထိုမိသားစုအား မည်သူသတ်သည်ကို ယခုချိန်ထိ သိရှိရခြင်း မရှိသေးပေ။ ယခု သေဆုံးမှု ဖြစ်စဉ်အား ဒီပဲယင်းပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (Depayin People's Defense Force) မှ ဒေသတွင်းပြည်သူ့ကာကွယ်ရေးတပ်များနှင့် ပူးပေါင်းကာ ဖြစ်စဉ်အမှန်ဖော်ထုတ်သွားမည်ဟု ထုတ်ပြန်ထားသည်။ သေဆုံးမှုဖြစ်စဉ်များတွင်မှ ကိုယ်ဝန် နှစ်လလွယ်ထားသည့် မတင်မော်လင်းသည် မအူပင်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးရုံး ဒု-ဦးစီးမှူးနေအိမ်တွင် အလုပ်လုပ်နေရင်း ပစ္စည်းပျောက် မသင်္ကာမှုဖြင့် ရဲတပ်ဖွဲ့ဝင်များက စစ်ဆေးမေးမြန်းစဉ် သေဆုံးခဲ့ရသည်။[4] သေဆုံးသူ အမျိုးသမီးများထဲမှ စေတနာ့ဝန်ထမ်းဖြစ်သူ ဆရာမချင်းချင်း (ခေါ်) ဗျက်ရမ်းချင်းသည် ကလေးပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) ကာကွယ်ရေးတပ်ဖွဲ့ဝင်များအား အရေးပေါ်လူနာပြုစုကုသနည်း ဆေးသင်တန်းပို့ချရန် သွားရောက်စဉ် စစ်ကောင်စီတပ်ဖွဲ့များမှ ကလေးပြည်သူ့ကာကွယ်ရေးစခန်းအား ဝင်ရောက် ပစ်ခတ်စဉ် သေဆုံးခဲ့ရသည်။[5]

**ကိုယ်ဝန်ရင့်မာအမျိုးသမီးနှင့် အတူ ငါးလောင်းပြိုင်လူသတ်မှု ဖြစ်ပွားခဲ့**

---

1 The Chindwin, Nov 26.
https://www.facebook.com/SpeakUp4MyanmarWomen/posts/220974320168192

2 Ayeyarwaddy Times, Nov 22.
https://www.facebook.com/ayeyarwaddytimes/posts/2043977652426892

3 Burma Human Rights Network, Nov 23.
https://www.facebook.com/BHRNUK/posts/3023511944590712

4 RFA, Nov 12.
https://www.facebook.com/rfaburmese/posts/10161475949203128

5 BBC, Nov 20

**ဖမ်းဆီးခံရမှုများ**

ဖမ်းဆီးခံရသူအမျိုးသမီးများထဲမှ ပြည်သူ့ကာကွယ်ရေးတပ်တွင် ဝင်ရောက်ကာ တော်လှန်နေကြသည့် အမျိုးသမီးများသည် အာဏာသိမ်းစစ်ကောင်စီ တပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးခံရမှုများ နိုဝင်ဘာလ အတွင်း ရှိခဲ့သည်။ ကလေးပြည်သူ့ကာကွယ်ရေး ဆေးတပ်ဖွဲ့ဝင်ဖြစ်သည့် အမျိုးသမီး ၉ ဦးသည် စစ်ကောင်စီတပ်သားများ၏ ဖမ်းဆီးခြင်း ခံခဲ့ရသည်။ ထိုအမျိုးသမီးများ ပြန်လည်လွတ်မြောက်ရေးအတွက် အမေရိကန်ပြည်ထောင်စု၊ အင်ဒီယားနားပြည်နယ်၊ ဖို့ဝိန်းမြို့ရှိ ပြည်ပရောက် မြန်မာနိုင်ငံသားများမှ ဆန္ဒထုတ်ဖော်ခြင်းများ ပြုလုပ်ခဲ့သည်။[6] စက်တင်ဘာလ ၁၉ ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရသည့် စစ်ကိုင်းပညာရေး တက္ကသိုလ်ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ မအေးနွှာစိုးကို တပ်မ ၃၃ သို့ ပို့ဆောင်လိုက်ပြီးသည့်နောက် တစ်လခွဲကျော်ကြာသည်အထိ သတင်းအချက် မရရှိသည့်အပြင် မည်သည့်နေရာသို့ ခေါ်ဆောင်သွားသည်ကို မသိရသည့် အခြေအနေဖြစ်နေသည်။[7] ထို့အပြင် မိတ္ထီလာမြို့မှ ဖမ်းဆီးခံခဲ့ရသည့် မသဲစုနိုင်သည် စစ်ကြောရေးတွင် ခြေထောက်တဖက်ကျိုးခဲ့ရသော်လည်း ဆေးကုသခွင့် ဆုံးရှုံးနေသည်။[8]

**အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ပပျောက်ရေးနေ့ လှုပ်ရှားမှုများ**

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ပပျောက်ရေးနေ့ကို ကြိုဆိုသောအားဖြင့် နိုဝင်ဘာလ အစောပိုင်းမှစ၍ အမျိုးသမီးများအပေါ် လိင်အကြမ်းဖက်မှုများနှင့်ပတ်သက်၍ မြန်မာနိုင်ငံတဝန်း အမျိုးသမီးများ ဦးဆောင်ကာ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ "မုဒိန်းမှုဟူသည် ပြုကျင့်သူ၏ အပြစ်သာ ဖြစ်သည်"၊ “ဝတ်ချင်တာ ဝတ်မယ် မုဒိမ်းလာမကျင့်နဲ့” စသည့် စာသားကြွေးကြော်သံများဖြင့် ကယားပြည်နယ်၊ စစ်ကိုင်း၊ ရန်ကုန်နှင့် မန္တလေးတိုင်းတို့တွင် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ အမျိုးသမီးများအနေဖြင့် မိမိတို့ စိတ်ကြိုက် အဝတ်အစားများ ဝတ်ဆင်ခြင်းသည် လိင်အကြမ်းဖက်မှုများကို လက်ကမ်းကြိုဆိုခြင်း မဟုတ်ကြောင်းနှင့် မုဒိမ်းမှု ကျူးလွန်သူများ၏ ဝတ်စားဆင်ယင်မှုများကို မေးခွန်းထုတ်ဖူးသလား စသဖြင့် အမျိုးသမီးများအပေါ် လိင်အကြမ်းဖက်မှုများအား



*Photo 1: photo from Khit Thit Media*

---

https://www.bbc.com/burmese/593627de05?fbclid=IwAR05n4xSWwiqPGkUvM6RjWBB8NZrgIc1X6-SjPhyc2h5JA8a0t7uFuKh3Bk

[6] BBC, Nov 21.
https://www.facebook.com/BBCnewsBurmese/posts/4718825234839991

[7] Myanmar Pressphoto Agency, Nov 3.
https://www.facebook.com/mmpressphoto/posts/6436066019767704

[8] Irrawaddy, Nov 30
https://www.facebook.com/theirrawaddyburmese/posts/5120426401334804

တရားသေ သတ်မှတ်ချက်များကို ထုတ်ဖော်ဆန္ဒပြခဲ့ကြသည်။ အလားတူပင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာ လှုပ်ရှားမှုများကိုလည်း နိုဝင်ဘာလ ၂၅ ရက်နေ့မှ စတင်၍ အမျိုးသမီးများ ဦးဆောင်ကာ ဖဲကြိုးဖြူ လှုပ်ရှားမှုများကိုလည်း ပါဝင်ဆင်နွှဲနေကြသည်။

**အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ**

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ လျော့ကျရေးအတွက် တစိုက်မတ်မတ် လုပ်ဆောင်ခဲ့သော်လည်း အကြမ်းဖက်မှုများမှာ လျော့နည်းသွားသည် မရှိပေ။ ဆိုးရွားလှသည့် လူ့အခွင့်အရေးချိုးဖောက်မှု တခုဖြစ်သည့် လိင်အကြမ်းဖက်မှုများကို အကြမ်းဖက်စစ်တပ်မှ ဆက်လက် ကျူးလွန်နေဆဲဖြစ်သည်။ ချင်းပြည်နယ်မှ ကလေးလေးယောက်နှင့် ကိုယ်ဝန် ၇ လ လွယ်ထားသည့် အမျိုးသမီးတစ်ဦးအား စစ်ကောင်စီတပ်ဖွဲ့ဝင် သုံးဦးမှ မုဒိမ်းမှု အကြိမ်ကြိမ် ကျူးလွန်ခဲ့ကြသည်။[9] မုဒိမ်းကျင့်စဉ် အမျိုးသမီး အင်္ဂါအား ကိုက်ခြင်း၊ သွားတိုက်ဆေးများနှင့် ပွတ်ခြင်း၊ တံတွေးထွေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ မီဒီယာတွင် သူမ မုဒိမ်းကျင့်ခံရမှုကို ထုတ်ဖော်ပြောပြစဉ် သူမ၏ မိသားစုဝင်များမှာလည်း အသက်အန္တရာယ် ခြိမ်းခြောက်ခံနေရကြောင်း သိရှိရသည်။ သူမနှင့် ဆွေးမျိုးတော်စပ်သူ တစ်လခွဲအရွယ်ကလေး မိခင်ဖြစ်သူ ယောင်းမကိုလည်း အဓမ္မပြုကျင့်ခဲ့သည်။

**ကိုယ်ဝန် ၇ လလွယ်ထားသည့် အမျိုးသမီးအား စစ်ကောင်စီတပ်သား ၃ ဦးမှ အကြိမ်ကြိမ် အဓမ္မပြုကျင့်ခဲ့**

ယခုကဲ့သို့ အကြမ်းဖက် စစ်ကောင်စီ တပ်ဖွဲ့ဝင်များမှ ဒေသခံ ချင်းအမျိုးသမီး နှစ်ဦးအား မတရား ပြုကျင့်ခြင်းသည် ကာယကံရှင် အမျိုးသမီးများနှင့် ၎င်းတို့၏ မိသားစုဝင်များကိုသာမက ချင်းလူမျိုးများအပေါ် တွင်ပါ ကျူးလွန်သည့် လူသားမျိုးနွယ်ကို ထိခိုက်သော ပြစ်မှု (Crime against humanity) ဖြစ်ကြောင်းနှင့် စစ်ကောင်စီအနေဖြင့် တိုင်းရင်းသားနယ်မြေများ၌ လူနည်းစုတိုင်းရင်းသူ အမျိုးသမီးများကို မတရားပြုကျင့်မှုအား စစ်ရေးဗျူဟာတစ်ရပ်အဖြစ် အစဉ်အဆက် လက်ခံခွင့်ပြုခဲ့သော အကြမ်းဖက် စစ်ကောင်စီတပ်ဖွဲ့များ၏ အထက်ပါလုပ်ရပ်ကို (ethnic cleansing) လုပ်ဆောင်ချက်အဖြစ် ကြား



*Photo 2: photo from RFA*

[9] Irrawaddy, Nov 19. https://burma.irrawaddy.com/opinion/interview/2021/11/19/247573.html?fbclid=IwAR3pgkfUKG4Gckj_osLfJsMkUbO4yd_iLMrb1gw8Xh7dWXbldGnH23EUgRU

ကာလ ချင်းအမျိုးသား အတိုင်ပင်ခံကောင်စီ (ICNCC) အနေဖြင့် ရှုမြင်သုံးသပ်ပြီး ပြင်းထန်စွာ ရှုတ်ချကြောင်း ထုတ်ဖော်ပြောသားခဲ့သည်။[10] ထိုနည်းတူ ရှမ်းပြည်နယ်မြောက်ပိုင်းမှ ခြံစောင့် အသက် ၆၀ ကျော် အမျိုးသမီး အား စစ်ကောင်စီတပ်ဖွဲ့ဝင်တစ်ဦးက အဓမ္မပြုကျင့်ခဲ့မှုကြောင့် တိုင်ကြားခဲ့ရာ စစ်ကောင်စီတပ်က အဆိုပါတပ် သားအား အရေးယူမည်ဟု နိုဝင်ဘာလ (၁၁) ရက်နေ့က သတင်းထုတ်ပြန်ထားခြင်းလည်း ရှိခဲ့သည်။[11]

တရားဥပဒေစိုးမိုးမှုမရှိသဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုသည် နယ်ပယ်အနှံ့တွင် ဖြစ်ပွားနေသည်။ ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ်တွင် တရုတ် နိုင်ငံသားပိုင် Xinda Home Textile စက်ရုံတွင် အလုပ်သမားများကို လိင်ပိုင်းဆိုင် ရာ နှောင့်ယှက်စော်ကားမှုများအပြင် အကြောင်းမဲ့သက်သက် ဖိအားပေး အလုပ်ထုတ် ပယ်ခံရခြင်းများနှင့် ကြုံတွေ့နေရ ကြောင်း သိရှိရသည်။ လိင်ပိုင်းဆိုင်ရာ ကျူးလွန်ပြီးလျှင် လျော် ကြေး အနည်းငယ်ပေး၍ ဖြေရှင်းနေကြသည်ဟု သိရှိရသည်။[12] ထိုအမျိုးသမီးများမှ ဥပဒေလမ်းကြောင်းအတိုင်း တရားမျှတ မှုကို ရယူရန်မှာ လက်ရှိနိုင်ငံရေးအခြေအနေဖြစ်သည့် စစ်တပ်အာဏာသိမ်းမှုအောက်မှုတွင် အင်မတန် ခက်ခဲလှ ပေသည်။ ထိုအမျိုးသမီး အလုပ်သမားများသည် အဆိုပါ မိမိတို့အပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် ဥပဒေမဲ့ အခွင့်အရေး ချိုးဖောက်ခံရမှုများကို မြန်မာနိုင်ငံကုန်ထုတ်နှင့် စက်မှုလက်မှု အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ် (IWFM) ကိုသာ တိုင်ကြားနိုင်ခဲ့သည်။




*Photo 3: photo from Irrawaddy*

## နိဂုံး

စစ်ကောင်စီတပ်ဖွဲ့များအပြင် တရားစီရင်ရေးပျက်သုဉ်းနေသည်ကို အခွင့်ကောင်းယူ၍ အာဏာရှိသူများသည် အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ကျူးလွန်နေသည်။ ဤကဲ့သို့ လိင်ပိုင်းဆိုင်ရာ အကြမ်း ဖက်မှုဖြစ်ရပ်များတွင် ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် သက်ကြီးရွယ်အို အမျိုးသမီးများမှာလည်း လိင် အကြမ်းဖက်သူများ၏ ပစ်မှတ်ဖြစ်နေကြရသည်။ စစ်ကောင်စီတပ်သားများ၏ မှားယွင်းပစ်ခတ်မှုများကြောင့် အပြစ်မဲ့ အမျိုးသမီးအချို့လည်း အသက်ဆုံးရှုံးကြရသည်။ ဖမ်းဆီးရာတွင်လည်း သတင်းအချက်အလက် တစုံ တရာ မကြားရပဲ ပျောက်ဆုံးနေသည့် အမျိုးသမီးများလည်း ရှိနေသည်။ မည်သို့ပင်ဖြစ်နေပါစေ အမျိုးသမီးများ မှာ မိမိတို့အပေါ် အကြမ်းဖက်မှုများ ပပျောက်ရေးအတွက် အကြမ်းဖက်စစ်ကောင်စီအား ဆန္ဒထုတ်ဖော် တွန်း

---

10 Federal Journal, Nov 18.
https://www.facebook.com/federaljournal/posts/3100781156831528

11 Federal Journal, Nov 18.

12 Myanmar Labour News, Nov 18.
https://www.myanmarlabournews.com/news/51?fbclid=IwAR2HcfgkqDbX4wGoEtPSOBX4AMCl3AN0haIyaB6lPLjqD-0YDZDUitZTR0g

လှုန်နေသကဲ့သို့ အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများလျော့ကျလာစေရန် တစိုက်မတ်မတ် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းနေကြသည်။